# ကျွန်ဟာ ကျွန်ပါပဲ (ဘယ်ဘက်ဖိနပ် ကြိုက်လား၊ညာဘက်ဖိနပ် ကြိုက်လား)

မြန်မာတွေမှာ အကျင့်ပါနေတာ တခုရှိပါတယ်။ အဲဒါဘာလဲဆိုရင် ဘယ်လိုခွဲရမယ်၊ ဘယ်လိုကွဲရမယ် ဆိုတာ ဖြစ်ပါတယ်။ ဘယ်လိုညီညွတ်အောင် လုပ်ရမလဲ၊ ဘယ်လိုလုပ်ရင် ညီညွတ်နိုင်မလဲ ဆိုတာကို စဉ်းစား လုပ်ဆောင်ကြတာ နည်းပါးပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။

ရှေးခေတ် လွတ်လပ်ရေး မရခင်မှသည် ယခုခေတ်ထိကို ကွဲလို့ခွဲလို့ကောင်းကြတုန်း ရှိပါသေးတယ်။ အင်္ဂလိပ် ကျွန်ဘဝက လွတ်မြောက်အောင် တော်လှန်ရာမှာလည်း ကွဲကြ၊ ပြဲကြ၊ ခွဲကြလို့ ရန်သူအင်္ဂလိပ်တွေ အကြိုက်တွေ့ခဲ့ပါတယ်။

ဒီနေရာမှာ မှတ်သားစရာ ကောင်းတာလေးတခု သတိရနေပါတယ်။ "သခင်အစ ဘသောင်းက" ဆိုတဲ့ အတိုင်း သခင်တွေဖြစ်အောင် စည်းရုံးခဲ့တဲ့ သခင်ဘသောင်း ပြောခဲ့တဲ့ စကားလေးပါ။ အင်္ဂလိပ် လက်အောက် အုပ်ချုပ်ရေးမှာ ခွဲရေး-တွဲရေး ပေါ်လာတဲ့ ပြဿနာပါ။ တချို့က အိန္ဒိယနဲ့ တွဲအုပ်ချုပ်တာ သဘောတူတယ်။ တချို့က သီးသန့်အုပ်ချုပ်တာ သဘောတူတယ်။

ဒီလိုနဲ့ မြန်မာတွေအချင်းချင်း ငြင်းကြ၊ ခုံကြ၊ ကွဲကြ၊ ပြဲကြ၊ ခွဲကြပါတယ်။ ဒါကို မကြိုက်တဲ့ ဆရာကြီး သခင် ဘသောင်းက ဘာပြောလဲဆိုတော့ "ခွဲရေးဘဲဖြစ်ဖြစ်၊ တွဲရေးဘဲဖြစ်ဖြစ် အင်္ဂလိပ်အစိုးရက ကျုပ်တို့ရဲ့ ဘယ်ဘက်ခြေထောက်အောက်မှာ နေတာ ကြိုက်လား၊ ညာဘက်ခြေထောက်အောက်မှာနေတာ ကြိုက်လား လို့ မေးတာဖြစ်တယ်။ ခွဲရေးဘဲဖြစ်ဖြစ် တွဲရေးဘဲဖြစ်ဖြစ် အင်္ဂလိပ် စစ်ဖိနပ်အောက်က ကျွန်ဟာ ကျွန်ပါဘဲ" လို့ ပြောခဲ့တာလေး ရှိပါတယ်။

လုံးဝလွတ်မြောက်ရေးသည်သာ အရေးကြီးကြောင်း ဆရာကြီးက အထူးအလေးပေး ပြောကြားခဲ့ပါတယ်။ ပြောတဲ့အတိုင်း တောက်လျှောက် ကြိုးစားခဲ့ပါတယ်။ သခင်ပီသတဲ့ လူတွေရဲ့အတွေးဟာ ရှင်းတယ်။ ပြတ်တယ်။ ဒီအတိုင်းဘဲ လုပ်ဆောင်တယ်။ ဘယ်တော့မှ အောက်တန်းကျတဲ့ အတွေး မတွေးဘူး။

ဒါပေမယ့် အခုကြည့်။ နအဖ စစ်မိစ္ဆာတွေရဲ့လှည့်ကွက်အတွင်းထဲမှာ ကျွန်ဇာတ်သွင်း အညံ့ခံတဲ့လူတွေ မနည်းဘူး ထွက်လာတယ်။ အခုထိလည်း အညံ့ခံကာ မိမိတို့ကို ကျွန်ဇာတ်သွင်းနေကြတယ်။ မိမိတင် အားမရသေးသည့်အတွက် သူတပါးကိုပါဆွဲပြီး ကျွန်ဇာတ်သွင်းနေကြတယ်။ အားလုံးလည်း သိမှာပါ။

ယနေ့ နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တချို့က ဝင်ရောက် ရောပေါင်းသင့်တယ်၊ ဒါကမှ အမှန်လို့ တချို့ စာရေးဆရာ နာမည်ကြီးတွေက ရေးနေကြ ပြောနေကြတာ ကြားမှာပါ။ တချို့ကလည်း ဝင်မရောပေမယ့် စောင့်ကြည့်မယ်၊ အခြေအနေကြည့်ပြီး ရောသင့်ရောမယ်၊ ခွဲသင့်ခွဲမယ် ဆိုပြီး ဖြစ်နေကြပါတယ်။

သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ နအဖ စစ်အစိုးရက အားလုံးကို မေးလိုက်တာဘဲ ဖြစ်ပါတယ်။ သခင်ဘသောင်း စကားနဲ့ ပြောရရင်တော့ ကျုပ်တို့ကို နအဖ စစ်မိစ္ဆာတွေက သူတို့ရဲ့ဘယ်ဘက်ခြေထောက် အောက်မှာ နေတာ ကြိုက်လား၊ ညာဘက်ခြေထောက်အောက်မှာ နေတာ ကြိုက်လားလို့ မေးလိုက်တာဘဲ ဖြစ်ပါတယ်။ မဝေဝါးကြပါနဲ့။

ဘယ်ခြေထောက် အောက်မှာဘဲနေနေ စစ်ကျွန်ဟာ စစ်ကျွန်ပါဘဲ။ အပြီးအပိုင် လုံးဝ ကွင်းလုံးကျွတ် မတော်လှန်နိုင်သေးသရွေ့ နအဖစစ်ဘီလူး မိစ္ဆာတွေရဲ့ဖိနပ်အောက်မှာ မိမိတို့ကိုးကွယ်တဲ့ သာသနာနဲ့တကွ လူမျိုးပါ ပျောက်သွားနိုင်ကြောင်း သတိပေးနှိုးဆော်ရင်း --------

စစ်ကျွန်ဘဝမှ လွတ်မြောက်ရေးဆီသို့

။ မင်းသုည (ကွန်းခြံကုန်း)